၂၀၂၂ ခုနှစ်

ရခိုင်ပြည်နှင့် ပလက်ဝမြို့နယ်(ချင်းပြည်နယ်) အတွင်း

မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှုများ

Research and Documentation Department (RDD)၊ Development Media Group (DMG) မှ ပြုစုရေးသားသည်။

DMG
DEVELOPMENT MEDIA GROUP

၂၀၂၂ ခုနှစ်
ရခိုင်ပြည်နှင့် ပလက်ဝမြို့နယ်(ချင်းပြည်နယ်) အတွင်း
မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှုများ

ဤအစီရင်ခံစာကို Development Media Group (DMG) ၏
မှတ်တမ်းနှင့် သုတေသနဌာန (Research and Documentation Department-RDD) မှ
လေ့လာ၊ စုစည်း၊ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။
ဤအစီရင်ခံစာတွင် ပါရှိသော အကြောင်းအရာများ၊ ဓါတ်ပုံများ အားလုံးအတွက်
မူရင်းသတင်းမီဒီယာများအား ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

DEVELOPMENT MEDIA GROUP

Contents

နိဒါန်း 7

ရည်ရွယ်ချက် 8

အစီရင်ခံစာ ရေးသားပုံ အဆင့်ဆင့် 8

မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သည့် မြို့နယ်များ တည်နေရာပြမြေပုံ 9

မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်နစ်နာသူများ..... 10

စစ်လက်နက် ပစ္စည်းများ၏ အန္တရာယ်..... 10

အသက်အရွယ် အပိုင်းအခြားအလိုက် ထိခိုက်၊ သေဆုံးခဲ့မှု..... 12

အမျိုးသား၊ အမျိုးသမီး ထိခိုက်၊ သေဆုံးမှု..... 13

ကလေး၊ လူကြီး ထိခိုက်၊ သေဆုံးမှု 14

လအလိုက် မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ထိခိုက်၊ သေဆုံးမှုအခြေအနေ 15

မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သော အချက်အလက်များ (မြို့နယ်အလိုက်) 16

ကျောက်တော်မြို့နယ်..... 16

မောင်တောမြို့နယ်..... 16

မင်းပြားမြို့နယ်..... 17

ပုဏ္ဏားကျွန်းမြို့နယ်..... 17

မြောက်ဦးမြို့နယ် 17

ဘူးသီးတောင်မြို့နယ် 17

ပလက်ဝမြို့နယ် (ချင်းပြည်နယ်)..... 17

စစ်တွေမြို့နယ် 18

ရသေ့တောင်မြို့နယ်..... 18

မြေပုံမြို့နယ်..... 18

အမ်းမြို့နယ် 18

ထိခိုက်နစ်နာသူများနှင့် စစ်ဘေးရှောင် ပြည်သူများ၏ အခက်အခဲ၊ အကြပ်အတည်းများ 19

အသက်မွေးဝမ်းကြောင်း..... 19

ကျန်းမာရေး လက်လှမ်းမီမှု..... 19

ပညာရေး လက်လှမ်းမီမှု 19

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လက်လှမ်းမီမှု..... 19

နိဂုံး 20

နောက်ဆက်တွဲများ ... 21

စစ်လက်နက်ပစ္စည်းများအလိုက် ထိခိုက်၊ သေဆုံးခဲ့သည့် စာရင်း စုစုပေါင်း (၂၀၂၂ခုနှစ်) ... 21

စစ်လက်နက်ပစ္စည်းများအလိုက် ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်) ... 22

အမျိုးသား၊ အမျိုးသမီး ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်) ... 23

ကလေး၊ လူကြီး ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်) ... 24

သတင်းအချက်အလက်များ စုစည်းရယူခဲ့သည့် သတင်းမီဒီယာများ ... 24

နိဒါန်း

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့ မြန်မာစစ်တပ်က တရုတ်နယ်စပ်နှင့် ဆက်စပ်နေသော ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ စစ်တိုင်းဌာနချုပ် နယ်မြေ ၅ ခုတွင် အပစ်ရပ် ကြေညာခဲ့သည့် နောက်ပိုင်း ရခိုင်ပြည်အတွင်း စစ်ရေး ပဋိပက္ခမြင့်တက်လာခဲ့ပြီး ၂၀၂၂ခုနှစ်တွင်လည်း ဩဂုတ်လမှ စတင်၍ မြန်မာစစ်တပ် နှင့် ရခိုင့်တပ်တော်အေအေ တို့ကြား စစ်ရေးတင်းမာလာခြင်းများကြောင့် ရခိုင်ပြည်၏ မြောက်ပိုင်းမြို့နယ်များတွင် တစ်ကျော့ပြန် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားခဲ့ပါသည်။

ရခိုင်ပြည်တွင်း စစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားလာခဲ့သည့် အချိန်ကာလမှ စတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့စဉ် ကာလ တစ်လျှောက်လုံးတွင် အသုံးပြုခဲ့သော မြေမြှုပ်မိုင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် အခြားစစ်လက်နက် ပစ္စည်းများ ပေါက်ကွဲထိမှန်မှုများကြောင့် ရခိုင်ပြည်နှင့် ချင်းပြည်နယ်တို့မှ ဒေသခံ ပြည်သူများမှာ ကိုယ်လက် မသန်စွမ်းသူများ ဖြစ်လာရခြင်းနှင့် အသက်ဆုံးရှုံးခဲ့ရခြင်းများ ရှိခဲ့ကြပါသည်။ ထို့ပြင် ကျေးရွာ ဇရိယာနယ်နမိတ် အတွင်းတွင် တိုက်ပွဲများဖြစ်ပွားခြင်း၊ ကျေးရွာများ၊ ဘာသာရေး အဆောက်အအုံများ၊ လူနေအိမ်များ အပေါ်သို့ လက်နက်ကြီး ကျည်ဆံများ ကျရောက်ပေါက်ကွဲ ထိမှန်ခြင်းများ စသည်တို့ကြောင့်လည်း ဒေသခံပြည်သူများ၏ အသက် အန္တရာယ် စိုးရိမ်ရမှု အခြေအနေများမှာ ပိုမိုမြင့်မားလျှက် ရှိလာခဲ့ပါသည်။ ဤသို့ဖြင့် ရခိုင်ပြည်တွင်းနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ဒေသခံပြည်သူများသည် **“စစ်ဘေးရှောင်”** ဟူသော ခေါင်းစဉ်အောက်တွင် ၎င်းတို့၏ နေ့စဉ် ဘဝများကို အခက်အခဲ၊ အကြပ်အတည်း များစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

သို့ဖြစ်ပါ၍ မြေမြှုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများကြောင့် ထိခိုက်နစ်နာခဲ့ရသော ဒေသခံပြည်သူများ၏ အကြပ်အတည်းများ၊ စိန်ခေါ်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ဒေသခံ ပြည်သူများ အပါအဝင် အကျိုးဆက်စပ် ပတ်သက်သူများအားလုံး သိရှိလာစေခြင်းမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို လျှင်မြန်၊ ထိရောက်စွာဖြင့် ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်လာနိုင်စေရန် အထောက်အပံ့တစ်ခု ဖြစ်နိုင်ရေးအတွက် ၂၀၂၂ခုနှစ်အတွင်း ရခိုင်ပြည်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် မြေမြှုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးခဲ့သော အချက်အလက်များကို စုစည်း တင်ပြခြင်း ဖြစ်ပါသည်။ (ပလက်ဝမြို့နယ်ကို ထည့်သွင်းဖော်ပြ ရခြင်းမှာ ပလက်ဝဒေသသည် ရခိုင်ပြည်နှင့် ဆက်စပ်ပြီး တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ဖြစ်သည်။)

“ဤအစီရင်ခံစာပါ အချက်အလက်များသည် သတင်းမီဒီယာများ၏ ဖော်ပြချက်များကိုသာ လေ့လာ၊ စုစည်း၊ ရေးသား ထားခြင်းဖြစ်ရာ ပြည့်စုံရန် လိုအပ်လျှက် ရှိနေပါသေးသည်။ သို့ပါ၍ မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ထိခိုက်နစ်နာမှုများနှင့် ပတ်သက်၍ မြေပြင်သို့ ကွင်းဆင်း လေ့လာ ကောက်ယူနိုင်ပါက ယခုထက် ပိုမို တိကျ၊ ပြည့်စုံသော အရည်အသွေးကောင်းမွန်သည့် အစီရင်ခံစာ တစ်စောင် ပေါ်ထွန်းလာနိုင်စေမည် ဖြစ်ပါသည်။”

Development Media Group (DMG) သည် ရခိုင်ပြည်ရေးရာနှင့် ပတ်သက်၍ ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဘက်ပေါင်းစုံဖွံ့ဖြိုး တိုးတက်ရေးများအတွက် သတင်းမီဒီယာ အခန်းကဏ္ဍ အနေဖြင့် သတင်းအချက်အလက်များကို အမှီအခိုနှင့် ဘက်လိုက်မှုကင်းစွာ ဖြန့်ဝေ၊ ရေးသား၊ တင်ဆက် နေသည့် မီဒီယာ အဖွဲ့အစည်း တစ်ခု ဖြစ်သည်။

ရည်ရွယ်ချက်

- ရခိုင်ပြည်အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်နစ်နာသူများကို စနစ်တကျ လေ့လာ၊ စုစည်း မှတ်တမ်းတင်နိုင်ရန်။
- လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် လုပ်ကိုင် ဆောင်ရွက်နေသော အကျိုးဆက်စပ်သူများမှ ထိခိုက်နစ်နာသူများ၏ အခက်အခဲ၊ အကြပ်အတည်းများကို ပိုမိုသိရှိလာစေရန်။
- ထိခိုက်နစ်နာသူများမှ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပိုမိုရရှိလာနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ရန်။
- ထိခိုက်နစ်နာသူများ၏ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်မြှင့်တင်ပေးနိုင်ရန်။

အစီရင်ခံစာ ရေးသားပုံ အဆင့်ဆင့်

ရခိုင်ပြည်အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို အောက်ပါ အဆင့်(၆)ဆင့်ဖြင့် ပြုစုရေးသားပါသည်။



<u>ပထမအဆင့်</u><u>တွင်</u> ရခိုင်ပြည်ရေးရာနှင့် ပတ်သက်သည့် သတင်းမီဒီယာများကို ရွေးချယ်သတ်မှတ်ပါသည်။ **ဒုတိယအဆင့်** အနေဖြင့် ရွေးချယ်သတ်မှတ်ထားသော သတင်းမီဒီယာများမှ ရေးသား ဖော်ပြသည့် သတင်းများကို လေ့လာ စောင့်ကြည့်ပါသည်။ **တတိယအဆင့်**တွင် ၎င်းသတင်းမီဒီယာများ (အထူးသဖြင့် Development Media Group (DMG)) မှ နေ့စဉ် ဖော်ပြသော သတင်းအချက် အလက်များကို စနစ်တကျ စုစည်းရယူ၍ သတင်း ကဏ္ဍ၊ အကြောင်းအရာ၊ အမျိုးအစား အလိုက် နေ့စဉ် မှတ်တမ်းတင်ပါသည်။ **စတုတ္ထအဆင့်**တွင် သတင်းအချက်အလက်များကို ပိုမိုတိကျမှန်ကန် စေရန် အတွက် ထိခိုက်နစ်နာသူများ(သို့) ထိခိုက်နစ်နာသူ မိသားစုဝင်များ(သို့) သတင်းအချက် အလက် ပေးနိုင်သည့် ပုဂ္ဂိုလ်များ ထံသို့ သတင်းထောက်များမှ ပြန်လည် မေးမြန်း၍ တိုက်ဆိုင်စစ်ဆေး အတည်ပြုပါသည်။ **ပဉ္စမအဆင့်**တွင် အတည်ပြုပြီးသည့် သတင်းအချက်အလက် များကို စနစ်တကျ စုစည်း၍ သတင်းကဏ္ဍ၊ အမျိုးအစား (နှစ်၊ လ၊ မြို့နယ်၊ စစ်လက်နက် ပစ္စည်း၊ အသက်အရွယ်) အလိုက် ခွဲခြမ်းစိတ်ဖြာပါသည်။ **နောက်ဆုံးအဆင့်**တွင် ခွဲခြမ်းစိတ်ဖြာပြီး ရရှိလာသော အချက်အလက်များကို ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သည့် မြို့နယ်များ တည်နေရာပြမြေပုံ

ရခိုင်ပြည်ရှိ မြို့နယ်(၁၇)မြို့နယ်ထဲမှ မြို့နယ်(၁၀)ခု (ကျောက်တော်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မင်းပြား၊ မြေပုံ၊ မြောက်ဦး၊ မောင်တော၊ ရသေ့တောင်၊ အမ်း) နှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ် တို့တွင် မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်ခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ စစ်ကျန်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန်ခြင်းများကြောင့် ဒေသခံပြည်သူများတွင် အသက်အန္တရာယ် စိုးရိမ်ရသည့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်း၊ အသက်ဆုံးရှုံးခဲ့ရခြင်းများ ရှိခဲ့ပါသည်။

မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သည့် မြို့နယ်များ တည်နေရာပြ မြေပုံ (၂၀၂၂ခုနှစ်)



မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်နစ်နာသူများ

မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးခဲ့ရသည့် ဒေသခံ ပြည်သူများထဲတွင် မွေးကင်းစနှင့် ကျောင်းနေအရွယ် ကလေးငယ်များ၊ အမျိုးသမီး ငယ်များနှင့် သက်ကြီးရွယ်အိုများ ပါဝင်ကြသည်။ ၂၀၂၂ခုနှစ်အတွင်း ရခိုင်ပြည်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူဦးရေ (၇၁.၆၈)ရာခိုင်နှုန်း (လူဦးရေ-၁၆၂ဦး) နှင့် သေဆုံး ခဲ့ရသူဦးရေ (၂၈.၃၂)ရာခိုင်နှုန်း (လူဦးရေ-၆၄ဦး)၊ စုစုပေါင်း ထိခိုက်၊သေဆုံးဦးရေ (၂၂၆)ဦး ရှိခဲ့သည်။

<u>မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးခဲ့သည့် လူဦးရေ/ရာခိုင်နှုန်း (၂၀၂၂ခုနှစ်)</u>





စစ်လက်နက် ပစ္စည်းများ၏ အန္တရာယ် - ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီးကျရောက် ပေါက်ကွဲ ထိမှန်မှု (၆၀.၁၈)ရာခိုင်နှုန်း အထိ ရှိခဲ့ပြီး သေနတ်ကျည်ဆံ ထိမှန်မှု (၁၉.၀၃)ရာခိုင်နှုန်း ရှိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲ ထိမှန်မှု (၁၈.၅၈)ရာခိုင်နှုန်း ရှိခဲ့ပြီး ဒရုန်း ပစ်ခတ်ထိမှန်မှု (၁.၃၃)ရာခိုင်နှုန်း နှင့် ဗုံးသီး ပေါက်ကွဲ ထိမှန်မှု (၀.၈၈)ရာခိုင်နှုန်း ရှိခဲ့သည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်ခဲ့သည့် နေရာအများစုမှာ ကျေးရွာ အတွင်းနှင့် လူနေအိမ်ပေါ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စိုက်ပျိုးမြေများ ပေါ်တို့တွင်လည်း ကျရောက်ပေါက်ကွဲမှုများ ဖြစ်ခဲ့သည်။ မြေမြှုပ်မိုင်းနှင့် ဗုံးသီးများ ပေါက်ကွဲ ထိမှန်မှုများမှာ ဒေသခံပြည်သူများ လုပ်ကိုင် စားသောက်ကြသော လယ်မြေများ၊ တော၊ တောင်များ စသည့် နေရာများတွင် ဖြစ်ကြသည်။ ထို့ပြင် မြေမြှုပ်မိုင်းနှင့် စက်လက်နက်ပစ္စည်းများ တည်ရှိသည့် ဧရိယာများတွင် မိုင်းအန္တရာယ် အသိပေး အမှတ်အသားများ မရှိခြင်း၊ မိုင်းအန္တရာယ် လျော့ချရေးနှင့် ပတ်သက်သော အသိပညာ သိရှိမှုအားနည်းခြင်းများကြောင့် ပေါက်ကွဲ ထိမှန်မှုများ လည်း ရှိခဲ့ကြသည်။ ဒရုန်းပစ်ခတ် ထိမှန်မှုနှင့် သေနတ်ကျည်ဆံ ထိမှန်မှုများမှာ မြို့ပေါ်ရပ်ကွပ်များနှင့် ကျေးရွာ(ကျေးရွာတွင်း) များတွင် ဖြစ်ခဲ့ကြသည်။

စစ်လက်နက် ပစ္စည်းများ ကျရောက်ပေါက်ကွဲ ထိမှန်မှုအများစုမှာ ကျေးရွာနယ်နမိတ်အတွင်းတွင် ဖြစ်ပွား ခဲ့ခြင်းများကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့၏ အသက်ရှင်သန် လွတ်မြောက်ရေးကိုသာ အဓိက အလေးထားခဲ့ရပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည့်အတွက် ၎င်းတို့ ပိုင်ဆိုင်ထားရှိသော အိုးအိမ်များ၊ တိရစ္ဆာန်များ၊ စိုက်ပျိုးမြေများနှင့် မိသားစုဝင်အချို့ (သက်ကြီးရွယ်အိုများ) ကို စွန့်လွှတ် ထားခဲ့ရခြင်းများ ရှိခဲ့ပါသည်။

စစ်ဘေးရှောင်စခန်းများ၊ ဘာသာရေးကျောင်းများတွင် စစ်ဘေး ရှောင်နိုင်ရန် သွားရောက်ခိုလှုံရာတွင် အချို့သော စစ်ဘေးရှောင် စခန်းများမှာ စစ်ဘေးရှောင်လူဦးရေ များလွန်းနေခြင်း များကြောင့် နေရာထိုင်ခင်း မလုံလောက်ခြင်း၊ စားနိုရိက္ခာ မလုံလောက်ခြင်းများ ရှိလာသည့်အတွက် အချို့သော စစ်ဘေးရှောင်လူသစ်များကို လက်မခံ ခဲ့ခြင်းများ ရှိခဲ့ကြပါသည်။ ထိုကဲ့သို့ စစ်ဘေးရှောင် စခန်းများတွင် ခိုလှုံခွင့် မရခဲ့သည့် စစ်ဘေးရှောင် ပြည်သူများသည် နီးစပ်ရာ အသိမိတ်ဆွေများထံတွင် အကူအညီ တောင်းခံ၍ မိသားစု တကွဲတပြားဖြင့် ခွဲခွာ၊ ခိုလုံ နေကြရခြင်းများ ရှိနေကြဆဲ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့ မောင်တောမြို့နယ်မြောက်ပိုင်း၊ သာယာကုန်း (ရခိုင်) ရွာ၏ မြောက်ဖက် (၁.၃) ကီလိုမီတာ အကွာတွင် ရက္ခိုင့်တပ်တော်နှင့် စစ်ကောင်စီတပ်တို့ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ထံမှ ရက္ခိုင့်တပ်တော် သိမ်းဆည်းရမိခဲ့သော လက်နက်ခဲယမ်းများနှင့်စစ်အသုံးအဆောင်ပစ္စည်းများ

-စစ်ကောင်စီတပ်ထံမှ AA သိမ်းဆည်းရမိသောလက်နက်ခဲယမ်းများ။ ။ဓါတ်ပုံ-AA

https://www.ludunwayoo.com/news-mm/2022/11/01/58353/

<u>ရသေ့တောင်နှင့် မောင်တောမှ ဒေသခံတို့ စစ်ဘေးရှောင်ရချိန် စပါးခင်းများပျက်စီးမှုရှိနေ သည့် သတင်း</u>



https://www.facebook.com/dmgnewsagency/posts/pfbid0iUsXTgFER9hUJ97vxbfircSe6NdhNrRUViD1AEg9CiwP5r174sJbuxze4n5F31gG l

အသက်အရွယ် အပိုင်းအခြားအလိုက် ထိခိုက်၊ သေဆုံးခဲ့မှု - အသက် (၂၀)နှင့် အောက် (မွေးကင်းစနှင့် ကျောင်းနေအရွယ်များ အပါအဝင်) ထိခိုက်၊ သေဆုံးမှုမှာ (၂၆)ရာခိုင်နှုန်းခန့် ရှိခဲ့ပြီး၊ အသက် (၂၁-၄၀) အရွယ် ထိခိုက်၊ သေဆုံးမှုမှာ (၃၅)ရာခိုင်နှုန်းရှိခဲ့သည်။ အသက်(၄၁ မှ ၆၀ထိ) ထိခိုက်၊ သေဆုံးမှုမှာ (၂၅) ရာခိုင်နှုန်း ရှိခဲ့ပြီး အသက် (၆၀)အထက် ထိခိုက်၊ သေဆုံးမှုမှာ (၈)ရာခိုင်နှုန်း ရှိခဲ့သည်။ ကျန် (၇) ရာခိုင်နှုန်းမှာ အသက်အရွယ် အပိုင်းအခြား မသိခဲ့ရသူများ ဖြစ်ပါသည်။

မြို့နယ် (၁၁)မြို့နယ်မှ ထိခိုက်၊ သေဆုံးခဲ့သူများကို အသက်အရွယ် အပိုင်းအခြားလိုက် ခွဲခြမ်းကြည့်ပါက အသက် ၄၀နှစ်နှင့် အောက် အရွယ်များမှာ ထိခိုက်၊ သေဆုံးခဲ့မှု (၆၁)ရာခိုင်နှုန်း ရှိခဲ့ပြီး အသက် (၄၀) အထက် အရွယ်များမှာ (၃၂.၁၆)ရာခိုင်နှုန်း ရှိခဲ့သည်။

<u>အသက်အရွယ် အပိုင်းအခြားအလိုက် ထိခိုက်၊ သေဆုံးမှု (၂၀၂၂ခုနှစ်)</u>



<u>ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာမှ ရွာသား ၉ ဦးထက်မနည်း ရက်စက်စွာသတ်ဖြတ်ခံရသည့် သတင်း</u>



https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%BA%E1%80%B8/sin-inn-gyi.html

အမျိုးသား၊ အမျိုးသမီး ထိခိုက်၊ သေဆုံးမှု

အမျိုးသားနှင့် အမျိုးသမီး - ထိခိုက်၊ သေဆုံးမှုများတွင် (၅၈.၈၅)ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ပြီး (၂၈.၃၂)ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကျန်(၁၂.၈၃)ရာခိုင်နှုန်းမှာ အမျိုးသား၊ အမျိုးသမီး ခွဲခြား မသိခဲ့ရသူများ ဖြစ်ကြသည်။

<u>မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးခဲ့သော ကလေး၊ လူကြီး ဦးရေ/ရာခိုင်နှုန်း (၂၀၂၂ခုနှစ်)</u>



အမျိုးသား - ထိခိုက်၊ သေဆုံးမှုများတွင် လက်နက်ကြီး ကျရောက် ပေါက်ကွဲ ထိမှန်မှု (၅၉) ဦး၊ သေနတ်ကျည်ဆံထိမှန်မှု (၃၆)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲ ထိမှန်မှု (၃၃)ဦး၊ ဒရုန်းပစ်ခတ်ထိမှန်မှု (၃)ဦး၊ ဗုံးသီးပေါက်ကွဲထိမှန်မှု (၂)ဦး ရှိခဲ့သည်။

အမျိုးသမီး - ထိခိုက်၊ သေဆုံးမှုများတွင် လက်နက်ကြီး ကျရောက် ပေါက်ကွဲ ထိမှန်မှု (၄၈)ဦး၊ မြေမြုပ်မိုင်းပေါက်ကွဲမှု (၉)ဦး၊ သေနတ် ကျည်ဆံ ထိမှန်မှု (၇)ဦး ရှိခဲ့သည်။

<u>မောင်တောတွင် လက်နက်ကြီးကျည် ကျရောက်မှုကြောင့် ဒေသခံ ၁၀ ဦးသေဆုံး၊ ၂၇ ဦးထက်မနည်း ဒဏ်ရာရ ရှိခဲ့သည့် သတင်း</u>

https://www.facebook.com/dmgnewsagency/photos/a.466679383484478/2446508042168259/

ကလေး၊ လူကြီး ထိခိုက်၊ သေဆုံးမှု

ကလေး၊ လူကြီး - ထိခိုက်၊ သေဆုံးမှုများတွင် (၆၅.၀၄)ရာခိုင်နှုန်းမှာ လူကြီးများ ဖြစ်ကြပြီး (၁၇.၇)ရာခိုင်နှုန်းမှာ အသက်(၁၈)နှစ်အောက် ကလေးငယ်များ ဖြစ်ကြသည်။ ကျန် (၁၇.၂၆)ရာခိုင်နှုန်းမှာ အသက်အရွယ် အပိုင်းအခြား မသိခဲ့ရသူများ ဖြစ်ကြသည်။

<u>မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးခဲ့သော ကလေး၊ လူကြီး ဦးရေ/ရာခိုင်နှုန်း (၂၀၂၂ခုနှစ်)</u>



ကလေး (အသက် (၁၈)နှစ်အောက်) ထိခိုက်၊ သေဆုံးမှုများတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်မှု (၃၀)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်မှု (၄)ဦး၊ သေနတ်ကျည်ဆံ ထိမှန်မှု (၃)ဦး၊ ဖုံးသီးပေါက်ကွဲ ထိမှန်မှု (၂)ဦး၊ ဒရုန်းပစ်ခတ် ထိမှန်မှု (၁)ဦး ရှိခဲ့သည်။ **လူကြီး (အသက် (၁၈)နှစ် အထက်)** ထိခိုက်၊ သေဆုံးမှုများတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်မှု (၇၄)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်မှု (၃၆)ဦး၊ သေနတ်ကျည်ဆံ ထိမှန်မှု (၃၅ဦး)၊ ဒရုန်းပစ်ခတ် ထိမှန်မှု (၂)ဦး ရှိခဲ့သည်။ **အသက်အရွယ် အပိုင်းအခြား မသိရသူများ** ထိခိုက်၊ သေဆုံးမှုများတွင် လက်နက်ကြီး ကျရောက် ပေါက်ကွဲထိမှန်မှု (၃၂)ဦး၊ သေနတ်ကျည်ဆံ ထိမှန်မှု (၅)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲ ထိမှန်မှု (၂)ဦး ရှိခဲ့သည်။

<u>ရသေ့တောင်တွင် လက်နက်ကြီးကျည် ထိမှန်၍ သတ္တမတန်းကျောင်းသူတစ်ဦး သေဆုံးခဲ့သည့် သတင်း</u>



https://www.facebook.com/dmgnewsagency/posts/pfbid02atyKBdzfqVuk7GmLhr8D6bEmzJCDpA4XSq4nMfSZEz3Ftnp8R25Ci4FqJouRM4RPl

လအလိုက် မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ထိခိုက်၊ သေဆုံးမှုအခြေအနေ

၂၀၂၂ခုနှစ်အတွင်း ထိခိုက်၊ သေဆုံးမှုများကို လအလိုက် ခွဲခြားကြည့်ပါက နိုဝင်ဘာလတွင် ထိခိုက်၊ သေဆုံးမှု အများဆုံးလဖြစ်သည်ကို တွေ့ရှိရပါသည်။ နိုဝင်ဘာလတွင် မောင်တောမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့တွင် ထိခိုက်၊ သေဆုံးမှုအများစုမှာ ကျေးရွာအတွင်းနှင့် လူနေအိမ်များပေါ်သို့ လက်နက်ကြီး ကျည်ဆံများ ကျရောက် ပေါက်ကွဲ ထိမှန်ခြင်းတို့ကြောင့် ဖြစ်ခဲ့ရသည်ကို တွေ့ရှိရပါသည်။

လ အလိုက် ထိခိုက်၊ သေဆုံးမှု အခြေအနေပြပုံ (၂၀၂၂ခုနှစ်)



ကျောက်တော်မြို့နယ်တွင် ညအချိန် လက်နက်ကြီး ကျရောက်ပေါက်ကွဲ၍ မိသားစုဝင် (၃)ဦး သေဆုံးခဲ့သည့် သတင်း



https://www.facebook.com/dmgnewsagency/posts/pfbid0fjKEK7JJPjdZkB5ZXwiGk6F733MX1YpCBQWozMd3wTxbvFd3ZBykJ4Qzkjf8rFa2l

မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သော အချက်အလက်များ (မြို့နယ်အလိုက်)

ရခိုင်ပြည်တွင် မြို့နယ် (၁၇)မြို့နယ် ရှိသည့်အနက် (၁၀)မြို့နယ်မှာ မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှုများ ရှိခဲ့ကြပါသည်။ ထို့ပြင် ရခိုင်ပြည်နှင့် တစ်ဆက်တည်း ဖြစ်သော ချင်းပြည်နယ် ပလက်ဝမြို့နယ်လည်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှုများ ရှိခဲ့ကြပါသည်။

ရခိုင်ပြည်တွင် မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားခဲ့သော မြို့နယ်များမှာ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ဘူးသီးတောင်၊ စစ်တွေ၊ ရသေ့တောင်၊ မြေပုံနှင့် အမ်း စသည့် မြို့နယ်များ ဖြစ်ကြသည်။

<u>မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်၊ သေဆုံးမှု (၂၀၂၂ခုနှစ်)</u>



ကျောက်တော်မြို့နယ်

ကျောက်တော်မြို့နယ်သည် ၂၀၂၂ခုနှစ် အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများပေါက်ကွဲ ထိမှန်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၂၅.၂၂) ရာခိုင်နှုန်း ရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၁၈.၅၈) ရာခိုင်နှုန်းနှင့် သေဆုံးမှု (၆.၆၄)ရာခိုင်နှုန်း ရှိခဲ့ပြီး ထိခိုက်၊ သေဆုံးမှုဖြစ်ပွားခဲ့သည့် မြို့နယ် (၁၁)ခုထဲတွင် အများဆုံး ဖြစ်ခဲ့သည်။ ကျောက်တော်မြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၄၄)ဦး၊ မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၇)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၆)ဦး စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၅၇)ဦး ရှိခဲ့သည်။

မောင်တောမြို့နယ်

မောင်တောမြို့နယ်သည် ၂၀၂၂ခုနှစ် အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများပေါက်ကွဲ ထိမှန်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၂၁.၆၈) ရာခိုင်နှုန်း ရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၁၃.၇၂) ရာခိုင်နှုန်းနှင့် သေဆုံးမှု (၇.၉၆)ရာခိုင်နှုန်း ရှိခဲ့ပြီး ထိခိုက်၊ သေဆုံးမှုဖြစ်ပွားခဲ့သည့် မြို့နယ် (၁၁)ခုထဲတွင် ဒုတိယ အများဆုံး ဖြစ်ခဲ့သည်။ မောင်တောမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၄၀)ဦး၊ မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၅)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၄)ဦး၊ စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၄၉)ဦး ရှိခဲ့သည်။

မင်းပြားမြို့နယ်

မင်းပြားမြို့နယ်သည် ၂၀၂၂ခုနှစ် အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများပေါက်ကွဲ ထိမှန်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၁၄.၁၆) ရာခိုင်နှုန်း ရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၁၁.၅၀) ရာခိုင်နှုန်းနှင့် သေဆုံးမှု (၂.၆၅)ရာခိုင်နှုန်း ရှိခဲ့ပြီး ထိခိုက်၊ သေဆုံးမှုဖြစ်ပွားခဲ့သည့် မြို့နယ် (၁၁)ခုထဲတွင် တတိယ အများဆုံး ဖြစ်ခဲ့သည်။ မင်းပြားမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၂၃)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၆)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၃)ဦး စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၃၂)ဦး ရှိခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်သည် ၂၀၂၂ခုနှစ် အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများပေါက်ကွဲ ထိမှန်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၁၁.၅၀) ရာခိုင်နှုန်း ရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၆.၆၄) ရာခိုင်နှုန်းရှိပြီး သေဆုံးမှု (၄.၈၇)ရာခိုင်နှုန်း ရှိခဲ့သည်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၁၄)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၄)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၈)ဦး စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၂၆)ဦး ရှိခဲ့သည်။

မြောက်ဦးမြို့နယ်

မြောက်ဦးမြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၈.၈၅)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၇.၀၈)ရာခိုင်နှုန်းရှိပြီး သေဆုံးမှု (၁.၇၇)ရာခိုင်နှုန်း ရှိခဲ့သည်။ မြောက်ဦးမြို့နယ်တွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူဦးရေ (၆)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၃)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၉)ဦး၊ ဗုံးသီး ထိမှန်သူ (၂)ဦး စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၂၀)ဦး ရှိခဲ့သည်။

ဘူးသီးတောင်မြို့နယ်

ဘူးသီးတောင်မြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၅.၇၅)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၄.၈၇)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၈၈)ရာခိုင်နှုန်း ရှိခဲ့သည်။ ဘူးသီးတောင်မြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ(၅)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၂)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၃)ဦး၊ ဒရုန်းပစ်ခတ်ထိမှန်သူ (၃)ဦး စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၁၃)ဦး ရှိခဲ့သည်။

ပလက်ဝမြို့နယ် (ချင်းပြည်နယ်)

ပလက်ဝမြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၄.၈၇)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၃.၉၈)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၈၈)ရာခိုင်နှုန်း ရှိခဲ့သည်။ ပလက်ဝမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၂)ဦး၊ မြေမြုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၇)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၂)ဦး၊ စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၁၁)ဦး ရှိခဲ့သည်။

စစ်တွေမြို့နယ်

စစ်တွေမြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၃.၅၄)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၂.၆၅)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၈၈)ရာခိုင်နှုန်း ရှိခဲ့သည်။ စစ်တွေမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၁)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၇)ဦး၊ စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၈)ဦး ရှိခဲ့သည်။

ရသေ့တောင်မြို့နယ်

ရသေ့တောင်မြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၂.၆၅)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၁.၇၇)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၈၈)ရာခိုင်နှုန်း ရှိခဲ့သည်။ ရသေ့တောင်မြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ ထိမှန်သူ (၁)ဦး၊ မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၄)ဦး၊ သေနတ်ကျည်ဆံ ထိမှန်သူ (၁)ဦး၊ စုစုပေါင်း ထိခိုက်၊ သေဆုံးသူ (၆)ဦး ရှိခဲ့သည်။

မြေပုံမြို့နယ်

မြေပုံမြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၀.၈၈)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၀.၄၄)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၄၄)ရာခိုင်နှုန်း ရှိခဲ့သည်။ မြေပုံမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၂)ဦး ရှိခဲ့သည်။

အမ်းမြို့နယ်

အမ်းမြို့နယ်သည် ၂၀၂၂ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲထိမှန် ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှု စုစုပေါင်း (၀.၈၈)ရာခိုင်နှုန်းရှိခဲ့သည်။ ၎င်းအထဲတွင် ထိခိုက်ဒဏ်ရာရရှိမှု (၀.၄၄)ရာခိုင်နှုန်း ရှိပြီး သေဆုံးမှု (၀.၄၄)ရာခိုင်နှုန်း ရှိခဲ့သည်။ အမ်းမြို့နယ်အတွင်း ထိခိုက်၊ သေဆုံးမှုများထဲတွင် မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်သူ (၂)ဦး ရှိခဲ့သည်။

<u>လက်နက်ကြီးကျည် ထိမှန်ခဲ့ပြီး ကိုယ်ဝန်ဆုံးရှုံးလိုက်ရသည့် ကင်းဆိပ်ကျေးရွာမှ အမျိုးသမီးနှင့် စစ်တွေမြို့တွင် ရဲတပ်သားမှ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် မွတ်ဆလင် အမျိုးသားတစ်ဦး သေဆုံးခဲ့သည့် သတင်း</u>



[Westerm News]   [Development Media Group (DMG)]

ထိခိုက်နစ်နာသူများနှင့် စစ်ဘေးရှောင် ပြည်သူများ၏ အခက်အခဲ၊ အကြပ်အတည်းများ

အသက်မွေးဝမ်းကြောင်း- ကျေးရွာနယ်နမိတ်အတွင်း တိုက်ပွဲဖြစ်ပွားလာခြင်း၊ မြေမြုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများ ပေါက်ကွဲထိမှန်ခြင်းများကြောင့် ဒေသခံပြည်သူများမှာ ၎င်းတို့၏ အိမ်များ၊ တိရစ္ဆာန်များ၊ စိုက်ပျိုးမြေများကို စွန့်လွှတ်၍ မိသားစု တကွဲတပြားဖြင့် ဘေးလွတ်ရာ နေရာများတွင် ထွက်ပြေးတိမ်းရှောင် နေကြရသည့် အတွက် အိုးမဲ့၊ အိမ်မဲ့၊ အလုပ်လက်မဲ့များ ဖြစ်လာ ကြရပါသည်။ စစ်ဘေးရှောင် စခန်းများတွင် ခိုလှုံနေစဉ် အစား အသောက် ချို့တဲ့ခြင်း၊ နေရာထိုင်ခင်းများ မလုံလောက်ခြင်းများကို ကြုံတွေ့ နေကြရပါသည်။ စစ်လက်နက်ပစ္စည်းများ ထိခိုက်ခံခဲ့ရသော အချို့သော ပြည်သူများမှာ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ ဖြစ်သွားရခြင်း၊ အရင်းအနှီး မရှိခြင်းများကြောင့် အသက်ရှင်သန်ရေး အတွက် အခက်အခဲများ ရင်ဆိုင် ကြုံတွေ့ နေကြရပါသည်။ အချို့သော စစ်ဘေးရှောင်များ မှာ မိသားစု စားဝတ် နေရေး၊ သားသမီး ပညာသင်ကြားရေး၊ ကျန်းမာရေး စရိတ်များ အတွက် ပန်းရံ၊ လက်သမား နှင့် အခြားသော ကျပန်းလုပ်ငန်းများကို ရှာဖွေ လုပ်ကိုင် စားသောက်နေကြရပါသည်။ ကျပန်းလုပ်ငန်းများ လုပ်ကိုင်စဉ်တွင် စစ်ဘေးရှောင်များ ဖြစ်နေသည့်အတွက်ကြောင့် အချို့သော အလုပ်ရှင်များမှ လုပ်အားခ ဈေးနှိမ် ခြင်းများလည်း ရှိကြပါသည်။ ဤသို့ဖြင့် မြေမြုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများကြောင့် ထိခိုက်နစ်နာ ခံခဲ့ရသူများ အပါအဝင် စစ်ဘေးရှောင် ပြည်သူများမှာ ၎င်းတို့၏ စား၊ဝတ်၊နေရေး အခက်အခဲ၊ အကြပ်အတည်းများအတွက် နေ့စဉ်နှင့်အမျှ စိတ်ပူပန်သောက ရောက်နေကြရပါသည်။

ကျန်းမာရေး လက်လှမ်းမီမှု- မြေမြုပ်မိုင်းနှင့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲ ထိမှန်မှု ဖြစ်ပွားစဉ် ထိခိုက်ဒဏ်ရာ ရရှိသူများကို အချိန်မီ ကယ်ထုတ်နိုင်ရန်နှင့် ဆေးကုသမှု ရရှိနိုင်ရန်အတွက် ကျေးရွာတွင်း အရေးပေါ် ကယ်ဆယ်ရေး ကားများ မရှိခြင်း၊ လမ်းခရီးဝေးလွန်းခြင်း၊ အသက်အန္တရာယ် စိုးရိမ်ရသည့် အတွက် အချို့သော ကယ်ဆယ်ရေး အဖွဲ့များမှာ ကျေးရွာသို့ မလာရဲခြင်း၊ ဆေးရုံသို့ သွားရာတွင် ခရီးသွားလာခွင့် ပိတ်ပင်တားဆီးခြင်း၊ စစ်ဆေးမေးမြန်းမှုများ တင်းကြပ်ခြင်း စသည့်တို့ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများမှာ ဆေးရုံမရောက်မီ လမ်းခရီးတွင် အသက်ဆုံးရှုံးခဲ့ရခြင်း၊ ဆေးရုံသို့ နောက်ကျမှ ရောက်ရှိခြင်းများ ရှိခဲ့ရပါသည်။

ပညာရေး လက်လှမ်းမီမှု- တိုက်ပွဲများ ဖြစ်ပွားခြင်း၊ ခရီးသွားလာခွင့်များကန့်သတ်ထားခြင်း၊ လုံခြုံရေး တင်းကြပ်ထားခြင်း များကြောင့် အချို့သော ကျေးရွာများတွင် ပညာရေးဝန်ထမ်းများ ရောက်ရှိမလာခြင်း၊ မိဘများမှ သားသမီးများအပေါ် စိတ်မချခြင်းများကြောင့် ကလေးငယ်များမှာ ကျောင်းပညာရေးကို ဆက်လက် သင်ယူလေ့လာသင်ယူနိုင်ရေး အတွက် အခွင့်အလမ်းများ ဆုံးရှုံးနေလျှက် ရှိပါသည်။ ထို့ပြင် စစ်ဘေးရှောင်စခန်းအများစုတွင် ကလေးများအတွက် သီးသန့် စာသင်ဆောင်များ မရှိခြင်း၊ စားရေးကိရိယာများ မပြည့်စုံခြင်း၊ ပညာရေးဝန်ထမ်းများ မရှိခြင်းများလည်း ရှိကြပါသည်။ အချို့သော ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များမှာ စား၊ဝတ်နေရေး ခက်ခဲခြင်း၊ ကျောင်းပညာသင်စရိတ် မရှိခြင်းများကြောင့် ဘဝအစပိုင်းမှပင် ကျောင်းထွက်၍ ဝင်ငွေရ လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်နေလျှက် ရှိကြပါသည်။ အချို့သော မိဘများမှာ ၎င်းတို့၏ သားသမီးများကို အခြားမိဘတွေနည်းတူ တန်းတူ မထားနိုင်သည့်အတွက် စာသင်ကျောင်းများတွင် ၎င်းတို့၏ သားသမီးများ ခွဲခြားဆက်ဆံ ခံရမည် (သို့) မျက်နှာငယ်ရမည်ကို စိုးရိမ်၍ ကျောင်းထုတ်ခဲ့ရခြင်းများလည်း ရှိကြ ပါသည်။

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လက်လှမ်းမီမှု- တိုက်ပွဲများ ဖြစ်ပွားလာသည်နှင့်အမျှ ထိခိုက်၊ သေဆုံးသူ များနှင့် စစ်ဘေးရှောင်ပြည်သူများမှာ ပိုမို များပြားလာသည်ဖြစ်ရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ များမှာလည်း ပိုမို လိုအပ်လာနေသည်ဖြစ်ပါသည်။ တိုက်ပွဲများ ဖြစ်ပွားခြင်း၊ ကျေးရွာတွင်း လက်နက်ကိုင် အဖွဲ့အစည်းများ တည်ရှိနေခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ခြင်း၊ စစ်ဆေးမေးမြန်းမှုများရှိခြင်း၊ လုံခြုံရေး တင်းကြပ်ခြင်း၊ အချို့သော ပရဟိတ အသင်းအဖွဲ့ဝင်များကို တရားစွဲဆိုခြင်း စသည့်တို့ကြောင့် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ ကူညီ ထောက်ပံ့ပေးနေသည့် ဒေသတွင်း ပုဂ္ဂလိက အလှူရှင်များ၊ အရပ်ဖက်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ ထိခိုက်

နစ်နာသူများ၊ စစ်ဘေးရှောင်ပြည်သူများ၏ လိုအပ်ချက်များကို ကူညီထောက်ပံ့ ပေးနိုင်မှု ဆက်လက်အားနည်း နေဆဲ ဖြစ်နေသေးသည်။

နိဂုံး

စစ်ဘေးရှောင် စခန်းများတွင် စစ်ဘေးရှောင် လူဦးရေများပြားလာခြင်း၊ လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့ပေးမှုများ အကန့်အသတ် ဖြစ်နေခြင်းများကြောင့် စစ်ဘေးရှောင် ပြည်သူများသည် အစားအသောက်များကို အခြားသူများနှင့် မျှဝေစားသောက်ရခြင်း၊ နေရာထိုင်ခင်းများ မလုံလောက်ခြင်း၊ အခန်းများမှာ ကျဉ်းမြောင်း၍ မိသားစုများပူးကြပ်စွာ နေထိုင်ရခြင်း၊ အချို့အခန်းများမှာ အကာအရံများ ကင်းမဲ့ခြင်း၊ ဆေးကုသစရိတ်များ မရှိသည့် အတွက် ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှုမခံယူနိုင်ခြင်း စသည့် အခက်အခဲများ ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။ ထို့ပြင် အမျိုးသမီးများ၏ တစ်ကိုယ်ရေ ကျန်းမာရေး၊ ဘဝလုံခြုံရေး၊ ကလေးသူငယ်များ၏ ပညာသင်ယူခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့မှာလည်း အလှမ်းဝေးကွာ လျှက်ရှိနေပါသည်။

ဤသို့သော မပြည့်စုံမှုများဖြင့် ခက်ခဲ ကြမ်းတမ်းသော အခြေအနေများကို ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် စစ်ဘေးရှောင် ပြည်သူများသည် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည် နေထိုင်လိုသော ပြင်းပြသည့် စိတ်ဆန္ဒများ ရှိနေသော်လည်း နေထိုင်စားသောက်ရန် အရင်းအနှီးနှင့် အိုးအိမ်များ မရှိတော့ခြင်း၊ ကျေးရွာတွင်းနှင့် ကျေးရွာနယ်နမိတ် အတွင်း နေရာများတွင် လက်နက်ကိုင်အဖွဲ့များမှ နေရာယူထားခြင်း၊ တိုက်ပွဲ အန္တရာယ်ကို စိုးရိမ်ရခြင်း၊ ကျေးရွာတွင်းနှင့် စိုက်ပျိုးမြေများ၊ စားကျက်မြေများ၊ တော၊ တောင်များတွင် မြေမြုပ်မိုင်းနှင့် စစ်လက်နက် ပစ္စည်းများ တည်ရှိနေခြင်း များကြောင့် နေရပ်မပြန်နိုင်သေးသည့်တိုင် နေရပ်ပြန်နိုင်မည့်ရက်များကို စောင့်မျှော်နေလျှက် ရှိပါသည်။

နောက်ဆက်တွဲများ

စစ်လက်နက်ပစ္စည်းများအလိုက် ထိခိုက်၊ သေဆုံးခဲ့သည့် စာရင်း စုစုပေါင်း (၂၀၂၂ခုနှစ်)

စဉ်	ထိခိုက်၊ သေဆုံးမှု ဖြစ်ပွားစေခဲ့သော စစ်လက်နက် ပစ္စည်းများ	ထိခိုက်၊ သေဆုံးမှု ရာခိုင်နှုန်း	ထိခိုက်၊ သေဆုံးမှု ဦးရေ
၁	လက်နက်ကြီး	၆၀.၁၈%	၁၃၆
၂	သေနတ်ကျည်ဆံ	၁၉.၀၃%	၄၃
၃	မြေမြုပ်မိုင်း	၁၈.၅၈%	၄၂
၄	ဒရုန်း	၁.၃၃%	၃
၅	ဗုံးသီး	၀.၈၈%	၂
	စုစုပေါင်း	**၁၀၀.၀၀%**	**၂၂၆**

စစ်လက်နက်ပစ္စည်းများအလိုက် ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်)

စဉ်	မြို့နယ်	ထိခိုက်/သေဆုံး		ဒရုန်း		ဗုံးသီး		မြေမြုပ်မိုင်း		လက်နက်ကြီး		သေနတ်ကျည်ဆံ		စုစုပေါင်း
		ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	
၁	ကျောက်တော်	၄၂	၁၅					၄	၃	၃၂	၁၂	၆		၅၇
၈	စစ်တွေ	၆	၂							၁		၅	၂	၈
၇	ပလက်ဝ	၉	၂					၇		၂			၂	၁၁
၄	ပုဏ္ဏားကျွန်း	၁၅	၁၁					၄		၁၁	၃		၈	၂၆
၆	ဘူးသီးတောင်	၁၁	၂	၃				၂		၄	၁	၂	၁	၁၃
၃	မင်းပြား	၂၆	၆					၃	၃	၂၀	၃	၃		၃၂
၁၀	မြေပုံ	၁	၁					၁	၁					၂
၅	မြောက်ဦး	၁၆	၄			၂		၂	၁	၅	၁	၇	၂	၂၀
၂	မောင်တော	၃၁	၁၈					၂	၃	၂၈	၁၂	၁	၃	၄၉
၉	ရသေ့တောင်	၄	၂					၄			၁		၁	၆
၁၁	အမ်း	၁	၁					၁	၁					၂
	စုစုပေါင်း	၁၆၂	၆၄	၃	၀	၂	၀	၃၀	၁၂	၁၀၃	၃၃	၂၄	၁၉	၂၂၆

အမျိုးသား၊ အမျိုးသမီး ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်)

စဉ်	မြို့နယ်	ထိခိုက်/သေဆုံး		အမျိုးသား		အမျိုးသမီး		ခွဲခြားမသိရ		စုစုပေါင်း
		ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	
၁	ကျောက်တော်	၄၂	၁၅	၂၀	၉	၂၀	၆	၂		၅၇
၂	စစ်တွေ	၆	၂	၆	၂					၈
၃	ပလက်ဝ	၉	၂	၅	၂	၄				၁၁
၄	ပုဏ္ဏားကျွန်း	၁၅	၁၁	၁၂	၉	၃	၂			၂၆
၅	ဘူးသီးတောင်	၁၁	၂	၁၁	၂					၁၃
၆	မင်းပြား	၂၆	၆	၁၄	၃	၁၂	၃			၃၂
၇	မြေပုံ	၁	၁	၁	၁					၂
၈	မြောက်ဦး	၁၆	၄	၉	၄	၇				၂၀
၉	မောင်တော	၃၁	၁၈	၃	၁၄	၁	၄	၂၇		၄၉
၁၀	ရသေ့တောင်	၄	၂	၃	၁	၁	၁			၆
၁၁	အမ်း	၁	၁	၁	၁					၂
စုစုပေါင်း		၁၆၂	၆၄	၈၅	၄၈	၄၈	၁၆	၂၉	၀	၂၂၆

ကလေး၊ လူကြီး ထိခိုက်၊ သေဆုံးမှု စာရင်း (မြို့နယ်အလိုက်) (၂၀၂၂ခုနှစ်)

စဉ်	မြို့နယ်	ထိခိုက်/သေဆုံး		ကလေး		လူကြီး		အသက်မသိရ		စုစုပေါင်း
		ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	ထိခိုက်	သေဆုံး	
၁	ကျောက်တော်	၄၂	၁၅	၉	၂	၂၈	၁၂	၅	၁	၅၇
၂	စစ်တွေ	၆	၂			၅	၁	၁	၁	၈
၃	ပလက်ဝ	၉	၂		၂	၉				၁၁
၄	ပုဏ္ဏားကျွန်း	၁၅	၁၁	၂		၁၃	၁၁			၂၆
၅	ဘူးသီးတောင်	၁၁	၂	၂		၉	၂			၁၃
၆	မင်းပြား	၂၆	၆	၇	၁	၁၇	၅	၂		၃၂
၇	မြေပုံ	၁	၁			၁	၁			၂
၈	မြောက်ဦး	၁၆	၄	၇	၁	၉	၃			၂၀
၉	မောင်တော	၃၁	၁၈		၅	၄	၁၁	၂၇	၂	၄၉
၁၀	ရသေ့တောင်	၄	၂		၁	၄	၁			၆
၁၁	အမ်း	၁	၁	၁			၁			၂
	စုစုပေါင်း	၁၆၂	၆၄	၂၈	၁၂	၉၉	၄၈	၃၅	၄	၂၂၆

သတင်းအချက်အလက်များ စုစည်းရယူခဲ့သည့် သတင်းမီဒီယာများ

1. Development Media Group (DMG)
2. Western News
3. Narinjara

Shot on Y15
Vivo AI camera
2022.11.04 11:16

Development Media Group (DMG) သည် ရခိုင်ပြည်ရေးရာနှင့် ပတ်သက်၍ ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဘက်ပေါင်းစုံဖွံ့ဖြိုး တိုးတက်ရေးများအတွက် သတင်းမီဒီယာ အခန်းကဏ္ဍ အနေဖြင့် သတင်းအချက်အလက်များကို အမှီအခိုနှင့် ဘက်လိုက်မှုကင်းစွာ ဖြန့်ဝေ၊ ရေးသား၊ တင်ဆက် နေသည့် မီဒီယာ အဖွဲ့အစည်း တစ်ခု ဖြစ်သည်။